# COVID-19 ခတ်ခွဲအတည်ပြုလူနာများတွင်တွေ့ရှိရသော ရောဂါလက္ခဏာများအား ပြည်သူများသိရှိနိုင်ရန်ဖော်ပြခြင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ မေလ (၉) ရက်နေ့

၁။ ယခုအချိန်အထိ လေ့လာဆန်းစစ်ချက်များအရ COVID-19 ခတ်ခွဲအတည်ပြုလူနာများတွင်တွေ့ရှိရသော ရောဂါလက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ရောဂါလက္ခဏာများ (Signs and symptoms) | လူနာများတွင်ရောဂါလက္ခဏာတွေ့ရှိမှုရာခိုင်နှုန်း | | |
|---|---|---|---|---|
| | | WHO နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပူးပေါင်းလေ့လာချက် (၂၈-၂-၂၀၂၀) | US CDCမှ ထုတ်ပြန်ချက် (၃-၄-၂၀၂၀) | မြန်မာနိုင်ငံတွင် တွေ့ရှိရမှု အခြေအနေ (၉-၅-၂၀၂၀) |
| ၁။ | ဖျားခြင်း (Fever) | ၈၇.၉ | ၈၃ - ၉၉ | ၇၃ |
| ၂။ | ချောင်းဆိုးခြင်း (Dry cough) | ၆၇.၇ | ၅၉ - ၈၂ | ၄၉ |
| ၃။ | ကိုယ်လက်မအီမသာဖြစ်ခြင်း (Fatigue)၊ ကြွက်သားနှင့် အဆစ်အမြစ်များနာကျင်ခြင်း (Myalgia or Arthralgia) | ၃၈.၁ | ၄၄ - ၇၀ | ၁၃ |
| ၄။ | မောခြင်း (Shortness of breath) | ၁၈.၆ | ၃၁ - ၄၀ | ၂၁ |

| စဉ် | ရောဂါလက္ခဏာများ (Signs and symptoms) | လူနာများတွင်ရောဂါလက္ခဏာတွေ့ရှိမှုရာခိုင်နှုန်း | | |
|---|---|---|---|---|
| | | WHO နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပူးပေါင်းလေ့လာချက် (၂၈-၂-၂၀၂၀) | US CDC မှ ထုတ်ပြန်ချက် (၃-၄-၂၀၂၀) | မြန်မာနိုင်ငံတွင် တွေ့ရှိရမှု အခြေအနေ (၉-၅-၂၀၂၀) |
| ၅။ | လည်ချောင်းနာခြင်း (Sore throat) | ၁၃.၉ | ၁၀ အောက် | ၁၈ |
| ၆။ | မူးဝေအော့အန်ခြင်း (Nausea or Vomiting ) နှင့် ဝမ်းလျှောခြင်း (Diarrhea) | ၈.၇ | ၁၀ အောက် | ၁၁ |
| ၇။ | နှာခေါင်းပိတ်ခြင်း (Nasal congestion)၊ နှာချေခြင်း (Sneezing) နှင့် နှာစေးခြင်း (Running nose) | ၄.၈ | ၁၀ အောက် | ၁၃ |
| ၈။ | အနံ့နှင့် အရသာ အာရုံခံစားမှု ပျောက်ကွယ်ခြင်း (Loss of taste and smell) | - | ၈၅ - ၈၈ | ၉ |

၂။ COVID-19 ဖြစ်ပွားသူလူနာတစ်ဦးသည် အထက်ဖော်ပြပါ ရောဂါလက္ခဏာ တစ်ခုခု (သို့မဟုတ်) တစ်ခုထက်ပို၍ ဖြစ်ပွားနိုင်ပါသည်။ ဖော်ပြပါ ရောဂါလက္ခဏာ တွေ့ရှိမှုရာခိုင်နှုန်းများမှာ ဆက်လက်ပြောင်းလဲနိုင်ပါသည်။

၃။ ပြည်သူများအနေဖြင့် အထက်ဖော်ပြပါ COVID-19 ၏ ရောဂါလက္ခဏာများကို သိရှိစေလိုပါသည်။ သို့မှသာ မိမိ၌ ရောဂါဖြစ်ပွားမှုရှိ၊ မရှိကို ခန့်မှန်းသိရှိနိုင်မည်

ဖြစ်ပါသည်။ အထူးသဖြင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများ၊ ရောဂါဖြစ်ပွားမှုများပြားသောနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနေဖြင့် သတိပြုကြစေလိုပါသည်။ ပြည်သူများအနေဖြင့် အဆိုပါရောဂါလက္ခဏာများ ဖြစ်ပွားမှုရှိပါက အနီးဆုံးကျန်းမာရေးဌာနသို့ အကြောင်းကြား၍ သွားရောက်ပြသစေလိုပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**